Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



**Network for Democracy and Development**
**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the SPDC's Election (040/2010)

# နအဖရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့်တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၄၀/၂၀၁၀)

၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ (၂၄) ရက်နေ့မှ အောက်တိုဘာလ (၃၀) ရက်နေ့အထိ

## နအဖနှင့် ၎င်းလက်ကိုင်တုတ်အဖွဲ့အစည်းများ

### (က) အုပ်ချုပ်ရေးအာဏာပိုင်အဆင့်ဆင့်ဆောင်ရွက်ချက်များ

- ရွေးကောက်ပွဲနီးကပ်လာချိန်တွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရား၊ ဆူးလေးတပိုက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန် ဆေးရုံကြီးတပိုက်၊ မြေနီကုန်းနှင့် လမ်းမတော်တပိုက်တို့တွင် လုံထိန်းများ လုံခြုံရေးတင်းကြပ်ထားသည့်အပြင် ယခုအခါ လက်နက်ကိုင်စစ်သားများ၊ စစ်ကားများဖြင့် ပိုမိုတင်းကြပ် စစ်ဆေးမှုများ ပြုလုပ်နေသည်ဟု ရန်ကုန်မြို့ခံတဦးက ပြောသည်။ **(VOA 251010)** Read More...
- ရွေးကောက်ပွဲ ဆန့်ကျင်ရေး စာရွက်များကို ဂျာနယ်စာစောင်များအတွင်း သိမ်းဆည်းရမိပြီးနောက် လေယာဉ်ဖြင့် ဂျာနယ်ပို့ဆောင်ခွင့်ကို စစ်ဘက်ရေးရာ လုံခြုံရေးအဖွဲ့ (စရဖ) ၏ ညွှန်ကြားချက်ဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာနက အောက်တိုဘာလ ၂၅ ရက်နေ့မှ စတင်၍ ပြည်တွင်းလေကြောင်းလိုင်းများတွင် ပိတ်လိုက်သည်ဟု ပို့ဆောင်ရေးဝန်ကြီးဌာနအရာရှိတစ်ဦးက ပြောသည်။ **(Irrawaddy 261010)** Read More...
- ရွေးကောက်ပွဲအတွက် မဲရုံများနှင့် လျှို့ဝှက်ဆန္ဒပြုခန်းများကို နိုဝင်ဘာလ ၁ ရက်နေ့မှစ၍ ရွေးကောက်ပွဲရက် မတိုင်မီ ၃ ရက်အလိုတွင် အပြီးသတ်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း ညွှန်ကြားထားသည်ဟု ဘုရားသုံးဆူမြို့မှ မဲရုံမှူးတစ်ဦးကပြောသည်။ **(IMNA 261010)** Read More...
- ကျောက်မဲမြို့နယ် ဒေသခံအာဏာပိုင်နှင့် နအဖ စစ်တပ်တို့ပူးပေါင်း၍ နောင်ပိန်တိုက်နယ်/ ကျေးရွာ အုပ်စု ဥက္ကဌ များမှ တဆင့် မဲရုံဆောက်ရန် နှင့် တပ်ခြံစည်းရိုးဆောက်ရန်အတွက် အိမ်တိုင်း ငွေကောက်ခံနေကြောင်း ဒေသခံများကပြောသည်။ **(S.H.A.N 271010)** Read More...
- နိုဝင်ဘာလ ၇ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲအတွက် မဲရုံဆောက်ရာတွင် သျှမ်းပြည် (မြောက်ပိုင်း) မူစယ်မြို့နယ်ရှိ ကျေးလက်ပြည်သူများအား လုပ်အားပေးစေခိုင်းနေကြောင်း ကိုယ်တိုင်ပါဝင်ခဲ့သူ ရွာသားတစ်ဦးကပြောသည်။ **(S.H.A.N 271010)** Read More...
- အစိုးရဌာနဆိုင်ရာ ဝန်ထမ်းများ၏အမည်များ မဲစာရင်းတွင် ပါမပါ သွားရောက်ကြည့်ရှုသူ နည်းပါးပြီး ပုံစံဖြည့်စွက်ရန် တောင်းခံလာသည့်အခါမှသာ သက်ဆိုင်ရာရပ်ကွက်ကော်မရှင်ရုံးသို့ သွားရောက်ပြီး အမည်စာရင်းကြည့်ကြ ကြောင်း၊ မဲစာရင်းတွင် အမည်မပါသူများက အထက်ညွှန်ကြားချက်အရ ရပ်ကွက်ကော်မရှင်ရုံး မဲစာရင်းတွင် ထည့်ပေးရန်တောင်းဆိုသည့်အခါမှသာ ရပ်ကွက်ကလည်း ထည့်ပေးကြောင်း အခွန်ဦးစီးမှူးက ပြောသည်။ **(NEJ 271010)** Read More...
- တောင်ဥက္ကလာအခြေစိုက် ခမရ ၄၃၅ နှင့် ၄၃၆ မှ တပ်ရင်းမိသားစုများနှင့် ကျောင်းသား၊ ကျောင်းသူ ၂၀၀ လောက်သည် အောက်တိုဘာလ ၂၈ ရက်နေ့ နံနက် ၆ နာရီတွင် တပ်ရင်းမှူးရုံးသို့သွားပြီး ၎င်းတို့၏ စာဝတ်နေရေး ပြဿနာများကို အမြန်ဆုံး ဖြေရှင်းပေးရန် တောင်းဆို ဆန္ဒပြခဲ့ကြသည်ဟု တောင်းဆိုပွဲတွင် ပါဝင်သည့် ကျောင်းသူ တစ်ဦးက ပြောသည်။ **(BBC 281010)** Read More...
- ၂၀၁၀ နိုဝင်ဘာ ၇ ရက်နေ့ မတိုင်မီ ပြည်ပထွက်ခွာမည့် သူများကို လူဝင်မှုကြီးကြပ်ရေးဌာနနှင့် ရွေးကောက်ပွဲ ကော်မရှင်တို့ ပူးပေါင်း၍ **D-Form** ထုတ်ပေးသည့်အချိန်တွင် ကြိုတင်မဲရယူသွားမည်ဟု အနောက်ပိုင်းခရိုင်ကော်မရှင်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။ **(Irrawaddy 281010)** Read More...
- ရွေးကောက်ပွဲ ကျင်းပမည့် နိုဝင်ဘာလ ၇ ရက်နေ့၊ တနင်္ဂနွေနေ့တွင် တရားရုံးများကို ဖွင့်လှစ်ထားမည် ဖြစ်ပြီး မဲရုံများတွင် ရမ်းကားနှောင့်ယှက်မှုများ ပေါ်ပေါက်လာပါက အစစ်အဆေး အမေးအမြန်းမရှိ ထောင်ချ မည်ဟု ရှမ်းပြည်နယ်မှ မြို့နယ်တရားသူကြီးတစ်ဦးက ပြောသည်။ **(Irrawaddy 281010)** Read More...
- ရွေးကောက်ပွဲတွင် ကရင်နီပြည်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** အမတ်လောင်းများ မဲအပြတ် အသတ် အနိုင်မရရှိခဲ့ပါက ရပ်ရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (ရယက)နှင့် ကျောင်းဆရာ၊ ဆရာမများ အပစ်ပေး အရေးယူမှုများ ခံကြရမည် ဆိုသည့် ခြိမ်းခြောက်မှုများ ရှိနေကြောင်း ဒေသခံများက ပြောသည်။ **(KT 291010)** Read More...

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- စစ်ကိုင်းတိုင်း၊ ကသာမြို့နယ်အတွင်းရှိ အစိုးရဝန်ထမ်းအားလုံးကို ကြိုတင်မဲလာရောက်ပေးကြရန် ခရိုင်အဆင့် တာဝန်ရှိသူများက အောက်တိုဘာလ ၂၉ ရက်နေ့တွင် စာပို့အကြောင်းကြားခဲ့သည်ဟု ကသာမြို့ခံတစ်ဦးကပြောသည်။ **(DVB 301010)** Read More...

## (ခ) ရွေးကောက်ပွဲကော်မရှင်

- ရွေးကောက်ပွဲကော်မရှင်က မဲရုံအများအပြား ဆောက်လုပ်ရန် စီစဉ်နေသည့်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာအရဆိုလျှင် မဲရုံဝန်ထမ်းပေါင်း သန်းနဲ့ချီ ရှိသည်ဟု ရန်ကုန်တိုင်း ရွေးကောက်ပွဲကော်မရှင်ရုံးမှ အဖွဲ့ဝင်တစ်ဦးက ပြောသည်။ **(NEJ 261010)** Read More ...
- ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် အတွင်းရှိ ကျေးရွာများတွင် ရွေးကောက်ပွဲကော်မရှင်တာဝန် ထမ်းဆောင်သူများကို ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** က ငွေပေးစည်းရုံးမှုများ ပြုလုပ်နေပြီး **USDP** ကို မဲပေးရန်အတွက် ရွေးကောက်ပွဲကော်မရှင်က စည်းရုံးပေးနေသည်ဟု ကြာကန်ကျေးရွာနေ၊ ရွေးကောက်ပွဲကော်မရှင်နှင့် နီးစပ်သူတစ်ဦးက ပြောသည်။ **(Irrawaddy 281010)** Read more...
- သျှမ်းပြည်တောင်ပိုင်း လွယ်လင်မြို့နယ်တွင် မဲရုံ ၄၈ ရုံထားရှိပြီး ရွေးကောက်ပွဲကော်မရှင်က မဲရုံမှူးများအားမဲပြား ခုနစ်ထောင်ကျော် လက်မှတ်ထိုးခိုင်းကြောင်း အမည်မဖော်လိုသည့် မဲရုံမှူးတစ်ဦးက ပြောသည်။ **(S.H.A.N 281010)** Read More ...

## (ဂ) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

- သျှမ်းပြည်တောင်ပိုင်း နမ့်ဇန်မြို့နယ်အတွင်း **USDP** ပါတီအတွက် စည်းရုံးရေးဆင်းသည့် ပအိုဝ်းအမျိုးသား အဖွဲ့ချုပ် **PNO** က လက်နက်ကိုင်တပ်ဖွဲ့အင်အားသုံးပြီး နယ်ကျွံမဲဆွယ်စည်းရုံးသဖြင့် ယခင် **MTA** ဟောင်းမကျိုင်းဒေသ ဖွံ့ဖြိုးရေးတပ်ဖွဲ့နှင့် တိုက်ပွဲဖြစ်ပြီး **PNO** ၄ ဦးသေဆုံးကာ ၂ ဦးပျောက်ဆုံးနေသည်ဟု ပအိုဝ်းအသိုင်းအဝိုင်းနှင့် နီးစပ် သည့်လွယ်လင်သားတစ်ဦးက ပြောသည်။ **(S.H.A.N 251010)** Read More...
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ကို မဲမပေးနိုင်ဘူးဟု ငြင်းဆန်လိုက်သည့် ဟသ်ာတမြို့မှ ခလရ ၁၈ မိသားစုဝင် ကျောင်းသားများကို လူစုထားသည့် **USDP** က ဝိုင်းဝန်းထိုးကြိတ်လိုက်သည့်အတွက် တပ်မိသားစုဝင်များက မကြေမနပ်ဖြစ်နေမှုကို တပ်ရင်းမှူးက တိုင်းမှူးထံ တင်ပြမည်ဆိုကာ ဖျောင်းဖျထားရသည်ဟု တပ်မိသားစုဝင်တစ်ဦးက ပြောသည်။ **(BBC 251010)** Read More...
- ကချင်ပြည်နယ်အထူးဒေသ ၁ **(NDAK)** ဒေသတွင် ဥက္ကဌဟောင်း ဦးဆခုန်တိမ့်ယိမ်းက ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** မှ၄င်း၊ ဆော့လော်မြို့နယ်တွင် **NDAK** ထိပ်တန်းခေါင်းဆောင်တစ်ဦးဖြစ်သော ဦးမုတ်ရင်တောင် ဟောင်းက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တစည) မှ၄င်း ဝင်ရောက်အရွေးခံမည်ဖြစ်ပြီး မဲဆွယ်စည်းရုံးရာတွင် ဝန်ထမ်းများကို စည်းရုံးရ မလွယ်ကူကြောင်းနှင့် အခက်အခဲများရှိသည်ဟု ဦးမုတ်ရင်တောင် ဟောင်း က ပြောသည်။ **(BBC 271010)** Read More...
- ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** ကိုယ်စားလှယ် လောင်းများ မဲမရပါက ပေးထားသည့် ငွေများ ပြန်အပ်ရမည်ဟု **USDP** ခေါင်းဆောင်များက ဒေသခံ စည်းရုံးရေးမှူးများအား အောက်တိုဘာလဆန်းက ပြောထားသည်ဟု မတူပီမြို့နယ် ဝေတူးရွာသားတစ်ဦးက ပြောသည်။ **(Khonumthung 261010)** Read More...
- ကမ္ဘာ့အဖိုးတန်ဆုံး ကျောက်စိမ်းထွက်ရှိရာ ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဝင်ရောက်ယှဉ်ပြိုင်မည့် ဗိုလ်ချုပ်ဟောင်း ဦးအုန်းမြင့်သည် မှတ်ပုံတင်မရှိသူများအား အဝါရောင်ယာယီမှတ်ပုံတင်ကဒ်များကို အခမဲ့ပြုလုပ်ပေးပြီး မဲဆွယ်စည်းရုံးနေသည်ဟု ဒေသခံများက ပြောသည်။ **(KNG 261010)** Read More ...
- ယခုရက်ပိုင်းအတွင်း ရန်ကုန်တိုင်း သုံးခွမြို့နယ်နှင့် ခရမ်းမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ဆိုင်းဘုတ်များကို ဆေးနီ၊ ဆေးမည်းများနှင့် ပက်ဖျန်းသည့်အပြင် ဖျက်ဆီးမှုများလည်းဖြစ်ပွားနေကြောင်း ဒေသခံများကပြောသည်။ **(DVB 271010)** Read More...
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** သည် မုန်းတိုင်းဒဏ်သင့် ရခိုင်ပြည်နယ်ရှိ ကျောက်ဖြူ၊ မြေပုံ၊ မာန်အောင်၊ မင်းပြား၊ ရန်းဗြဲ၊ အမ်းစသည့် ကျွန်းစုမြို့နယ်များထဲမှ ကျေးရွာများတွင် ပါတီအလံထောင်ပြီး နိုင်ငံရေးအမြတ်ထုတ် အကူအညီပေးလှူဒါန်းမှုများ ပြုလုပ်နေသည်ဟု ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ ဥက္ကဌ ဒေါက်တာအေးမောင်က ပြောသည်။ **(DVB 271010)** Read More...
- သျှမ်းပြည်အလယ်ပိုင်းမြို့နယ်အချို့တွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** စည်းရုံးရေး အရာမထင်သည့်အပြင် ခြံဝင်း၊ နံရံ၊ ဓါတ်တိုင်၊ သစ်ပင် များ၌ လိုက်လံကပ်သော စည်းရုံးရေးစာစောင်များပင်လျှင် ဒေသခံများ၏ ဖျက်ဆီးမှုခံရကြောင်း မိုင်းကိုင် ဒေသခံတစ်ဦးကပြောသည်။ **(S.H.A.N 271010)** Read More...
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ၏ ပထမဆုံးအကြိမ် သတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့ ကုက္ကိုင်းရှိ ပါတီဌာနချုပ်တွင် အောက်တိုဘာ ၂၇ ရက်နေ့၌ ကျင်းပကာ ပါတီအထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ပါတီမူဝါဒများကို ပြောကြားခဲ့သည်ဟု သတင်းထောက်တစ်ဦးက ပြောသည်။ **(RFA 271010)** Read More...
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ၏ အမတ်လောင်း ဗိုလ်ချုပ်ဟောင်း ဦးအောင်မင်းက ၄င်းအရွေးခံမည့် တောင်ငူမြို့နယ်တွင် အနိုင်ရရှိပါက လက်ရှိဖွင့်ထားသည့် ဗလီများကို ပြန်လည်ပြင်ဆင်ခွင့် ပြုမည့်အပြင် ပိတ်ထားသည့်

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



ဗလီများကိုပါ ပြန်ဖွင့်ပေးမည်ဟု ပြောဆို မဲဆွယ်စည်းရုံးနေသော်လည်း မူဆလင်များက မယုံကြည်ကြကြောင်း မြို့ခံ အစ္စလာမ်ဘာသာဝင်တစ်ဦးက ပြောသည်။ **(RFA 271010)** [**Read More...**]

- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ၏ တောင်ဥက္ကလာပမြို့နယ် အမတ်လောင်း ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် သတင်းစာရှင်းလင်းပွဲ၌ ၄င်းအတွက် အကြပ်ရိုက်စေမည့် မေးခွန်းများကို ဒေါသထွက်ခဲ့ပြီး နောက် ၄င်း၏ မြို့တော်စည်ပင်ရုံးတွင် ဘယ်သတင်းထောက်ကိုမှ လာရောက်သတင်းယူခွင့် မပြုတော့ကြောင်း ပြည်တွင်း သတင်းထောက်များကပြောသည်။ **(DVB 281010)** [**Read More...**]
- ရွေးကောက်ပွဲတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** အနိုင်ရလျှင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဒု–ဗိုလ်ချုပ်မှူးကြီး မောင်အေးတို့ကို **USDP** ဝင် မဟုတ်သည့်အတွက် သမ္မတလောင်းစာရင်း တင်သွင်းရန် သေချာမည် မဟုတ်ကြောင်း **USDP** အတွင်းရေးမှူး ဦးဌေးဦးက ယမန်နေ့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုလိုက်သည်။ **(Irrawaddy 281010)** [**Read More...**]
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** ၏ ပါတီဝင် အင်အားမှာ ၁၆ သန်းမှ ၁၈ သန်း ကြားတွင်ရှိသည့်အတွက် **USDP** က ရာနှုန်းပြည့် အနိုင်ရမည်ဟု ပြောကြောင်း သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ခဲ့သည့်သတင်းထောက်တစ်ဦးက ပြောသည်။ **(Irrawaddy 281010)** [**Read More...**]
- သျှမ်းပြည် (မြောက်ပိုင်း) မူစယ်မြို့နယ် မုံးပေါ်အုပ်စုရှိ ကျေးရွာများ၌ ယခုလ ၂၀ ရက်နေ့မှစ၍ ပြည်သူ့စစ်အဖွဲ့ဝင်သစ်များကို တစ်ရွာလျှင် ၂ ယောက်မှ ၃ ယောက်အထိ မဝင်မနေရ ထပ်မံစုဆောင်းနေပြီး ၄င်းတပ်ဖွဲ့ဝင်သစ်များသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** ကို မဲပေးရန်အတွက်ကောက်ယူ နေခြင်းဖြစ်သည်ဟု ဒေသခံပြည်သူ့စစ်နှင့် နီးစပ်သူတစ်ဦးက ပြောသည်။ **(S.H.A.N 281010)** [**Read more...**]
- ကရင်ငြိမ်းချမ်းရေးအဖွဲ့ (ဘုရားကုန်း) ခေါင်းဆောင် ပဒိုအောင်ဆန်းသည် နအဖ ၂၀၁၀ ရွေးကောက်ပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ကိုယ်စားလှယ်လောင်းအဖြစ် ကရင်ပြည်နယ်၊ ဖားအံမြို့နယ် မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင် အရွေးခံမည်ဖြစ်သည်ဟု ဆွေမျိုးတော်စပ်သူ တစ်ဦးက ပြောသည်။ **(NEJ 281010)** [**Read More ...**]
- ရန်ကုန်လမ်းများကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** က ခင်းခြင်းမဟုတ်ဘဲ ရန်ကုန်စည်ပင်မှ ခင်းခြင်းသာဖြစ်ကြောင်း **USDP** အတွင်းရေးမှူး ဦးဌေးဦးက ပြောသည်။ **(NEJ 281010)** [**Read More ...**]
- ရွေးကောက်ပွဲအပြီး ပြည်သူ့လွှတ်တော်ခေါ်ချိန်အထိ လက်ရှိစစ်အစိုးရက ဆက်လက်အုပ်ချုပ်သွားမည်ဟု ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်ရှိ **USDP** ရုံးတွင် ကျင်းပသောပထမဆုံးအကြိမ် သတင်းစာရှင်းလင်းပွဲတွင် **USDP** အထွေထွေအတွင်းရေးမှူးဝန်ကြီး ဦးဌေးဦးကပြောသည်။ **(Mizzima 281010)** [**Read More...**]
- ရွေးကောက်ပွဲတွင် ကချင်ပြည်နယ်၊ ဆွမ်ပရာဘွမ်မြို့နယ် ပြည်သူ့လွှတ်တော်နှင့် ပြည်နယ်လွှတ်တော် အမတ်နေရာများ အတွက် ဝင်ရောက်အရွေးခံမည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **(USDP)** ကိုယ်စားလှယ်လောင်း ဦးခါမိုင်တန်နှင့် ဒေါ်ဖော်ရမ်ဘောက်ဂျာတို့အား ဒေသခံအာဏာပိုင်များကပံ့ပိုး ကူညီမှုပေးနေသည်။ **(NEJ 291010)** [**Read More...**]
- ရွေးကောက်ပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး **(USDP)** ပါတီကို မဲထည့်ပါက ငွေကျပ်တစ်သောင်းပေးမည်ဆိုကာ နမ့်ခမ်းမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ကြံ့ဖွံ့ပါတီက ပြောဆိုစည်းရုံးနေကြောင်း ဒေသခံများကပြောသည်။ **(S.H.A.N 291010)** [**Read More ...**]
- ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** က ပြည်သူများကို ငွေပေးစည်းရုံးနေသကဲ့သို့ ၎င်းတို့ပါတီကို မဲမထည့်မနေရ ခြိမ်းခြောက်စည်းရုံးနေသည်ဟု ဒေသခံများကပြောသည်။ **(RFA 301010)** [**Read More...**]

[အတိုက်အခံအဖွဲ့အစည်းများ]

## (က) ပြည်တွင်းအင်အားစုများ

- စစ်ကိုင်းတိုင်း ကလေးမြို့တွင် အောက်တိုဘာလ ၂၄ ရက်နေ့က ကျင်းပသည့် ဇိုမီးအမျိုးသားကွန်ဂရက် တည်ထောင်ခြင်း ၂၂ နှစ်မြောက် အခမ်းအနား၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** နှင့် တိုင်းရင်းသားခေါင်းဆောင်များ၊ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့တို့က မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် ဒုတိယ ပင်လုံညီလာခံ ခေါ်ယူရန် လိုအပ်ကြောင်း လက်မှတ်ရေးထိုး ကြေညာလိုက်သည်။ **(VOA 241010)** [**Read More...**]
- တနင်္သာရီတိုင်း မြိတ်မြို့နယ်ရှိ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဝင်များသည် မြိတ်မြို့ပေါ် ၁၂ ရပ်ကွက်တွင် ရွေးကောက်ပွဲနှင့်ပတ်သက်သည့် နည်းဥပဒေများကို ပြည်သူများ ပိုမိုသိရှိစေရန် အသိပညာပေးစာရွက် တသောင်းကျော်ကို အောက်တိုဘာ ၂၃ ရက်နေ့က ဖြန့်ဝေခဲ့သည်ဟု မြိတ်မြို့ **NLD** ဥက္ကဌ ဦးစိုးလွင်က ပြောသည်။ **(RFA 241010)** [**Read More...**]
- ရှမ်းအမျိုးသားများ ဒီမိုကရေစီအဖွဲ့ချုပ် **SNLD** ၏ ၂၂ နှစ်မြောက် နှစ်ပတ်လည်နေ့ ကျရောက်သော အောက်တိုဘာ ၂၆ ရက်နေ့တွင် ပြည်ထောင်စုတည်ဆောက်ရေး သဘောတူညီချက်ဖြစ်သည့် ကလေးမြို့ ကြေညာစာတမ်းကို ထောက်ခံကြောင်း ထုတ်ပြန်ကြေညာလိုက်သည်ဟု **SNLD** ၏ ပြောခွင့်ရ စိုင်းလိတ်က ပြောသည်။ **(BBC 261010)** [**Read More...**]
- ဒေါ်အောင်ဆန်းစုကြည်က မဲဆန္ဒရှင်ပြည်သူများအား အထူးမှာကြားချက်အဖြစ် ကိုယ်ရင်ဆိုင်ရမည့် ရွေးကောက်ပွဲ သည် ဘယ်လို ရွေးကောက်ပွဲလဲ၊ ဘာအတွက် ဆန္ဒမဲထည့်မှာလဲ ဆိုသည့် မေးခွန်းနှစ်ခုကို ကိုယ့်ကိုကိုယ် ပြန်လည်စမ်းစစ်မေးမြန်းရန်လိုအပ်သည်ဟု ပြောဆိုခဲ့ကြောင်း တွေ့ဆုံခွင့်ရခဲ့သည် ရှေ့နေများကပြောသည်။ **(RFA 261010)** [**Read More...**]

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- အမျိုးသားဒီမိုကရေစီအင်းအားစု **NDF** အနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** နှင့် ဒေါ်အောင်ဆန်းစုကြည်၏ အမည်သုံးပြီး မဲဆွယ်စည်းရုံးနေမှုများနှင့်ပတ်သက်၍ **NLD** က ကန့်ကွက်ရှုတ်ချ လိုက်ကြောင်း၊ **NLD** နှင့် **NDF** သက်ဆိုင်ခြင်းမရှိကြောင်း၊ အောက်တိုဘာ ၂၆ ရက်နေ့တွင် ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်ဟု ဒု–ဥက္ကဌ ဦးတင်ဦးက ပြောသည်။ **(RFA 261010)** Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** က စစ်အစိုးရကျင်းပမည့် ရွေးကောက်ပွဲသည် မြန်မာပြည်ဒီမိုကရေစီရေးကို ဖော်ဆောင်နိုင်ခြင်းမရှိသည့်အတွက် ၂၀၁၀ ရွေးကောက်ပွဲကို လုံးဝဆန့်ကျင် သပိတ်မှောက်ကြောင်း အောက်တိုဘာ ၂၆ ရက်နေ့တွင် တရားဝင်ကြေညာချက်တစ်ရပ် ထုတ်ပြန်လိုက်သည်။ **(RFA 261010)** Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ၏ လှုပ်ရှားမှုအရှိန် တိုးမြှင့်ဆောက်ရွက်မှုအဖြစ် မုံရွာအောင်ရှင်နှင့် ဥပဒေ အကြံပေး ပုဂ္ဂိုလ် ဦးအောင်သိန်းတို့ ဦးဆောင်သည့်အဖွဲ့ချုပ်ဝင်များသည် စစ်ကိုင်းတိုင်းအတွင်းရှိ အဖွဲ့ချုပ်ဝင်များနှင့် တွေ့ဆုံပြီး ရွေးကောက်ပွဲသပိတ်မှောက်ရေးနှင့် ဥပဒေအရ မဲမပေးဘဲ နေပိုင်ခွင့်ရှိသည့် အချက်များအပါအဝင် စောင့်ကြည့်လေ့လာမှုများကို ရှင်းပြခဲ့သည်ဟု ဦးအောင်သိန်းက ပြောသည်။ **(DVB 261010)** Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** က စစ်အစိုးရကျင်းပမည့် ရွေးကောက်ပွဲတွင် တရားဥပဒေနှင့် ကိုက်ညီမှုမရှိသည့် လုပ်ဆောင်ချက်များကို တွေ့ရှိလျှင် ပြည်သူများအနေဖြင့် သက်ဆိုင်ရာ ရဲစခန်းကို တိုင်ကြားကြရန် ညွှန်ကြားချက်တစ်စောင်ကို အောက်တိုဘာ ၂၆ ရက်နေ့တွင် ထုတ်ပြန်လိုက်သည်။ **(DVB 261010)** Read More...
- ရန်ကုန်တိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** လူငယ်အဖွဲ့ဝင် ၂၀ ကျော်က ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ဈေးနှင့် အင်းစိန်းဈေးများတွင် မဲမပေးဘဲနေပိုင်ခွင့်ရှိသည့် ရွေးကောက်ပွဲဆန့်ကျင်ရေးလက်ကမ်း စာစောင်များ ဖြန့်ဝေခဲ့သည်ဟု စာဖြန့်ခဲ့သူအဖွဲ့ဝင်လူငယ်တစ်ဦးက ပြောသည်။ **(DVB 261010)** Read More..., Irrawaddy...
- အင်္ဂါဘုရားဖူးအဖွဲ့က ၁၈၂ ကြိမ်မြောက် ဝတ်ပြုဆုတောင်းသည့် အောက်တိုဘာ ၂၆ ရက်နေ့တွင် "နိုဝင်ဘာ ၁၃ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာသော်လည်း နိုင်ငံရေးအကျဉ်းသား လွတ်မြောက်ရေးအတွက် ဆက်လက်ဝတ်ပြုဆုတောင်းသွားမည်"ဟု မိတ္ထီလာမြို့အဖွဲ့ချုပ်ဝင် ဒေါ်မြင့်မြင့်အေးက ပြောသည်။ **(DVB 261010)** Read More...
- စစ်ကိုင်းတိုင်း ကလေးမြို့တွင် ကျင်းပခဲ့သော **ZNC** ဖွဲ့စည်းထူထောင်သည့် ၂၂နှစ်မြောက် အခမ်းအနားတွင် ထုတ်ပြန်ခဲ့သည့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် တွေ့ဆုံဆွေးနွေးရန် ဒုတိယပင်လုံညီလာခံ ခေါ်ယူရေး ကလေးမြို့ ကြေညာစာတမ်းကို မြန်မာပြည်တွင်းမှ ဒီမိုကရေစီရေးလိုလားသူ မြေအောက်ကျောင်းသားလူငယ်များက ထောက်ခံကြောင်း အောက်တိုဘာလ ၂၆ ရက်နေ့က ပြောဆိုသည်။ **(Mizzima 261010)** Read More...
- ရွေးကောက်ပွဲ နီးလာချိန်တွင် နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲကို ထောက်ခံသည့် အဖွဲ့အစည်းများက လူထုအား ဆန္ဒမဲပေးရေးနှင့် ပတ်သက်၍ စည်းရုံးသည့် စာတန်းများပါသော တီရှပ်များဝတ်ဆင်ပြီး လှုပ်ရှားနေသည်ဟု **NLD** အဖွဲ့ဝင်တစ်ဦးက ပြောသည်။ **(Irrawaddy 271010)** Read more...
- အမေရိကန်နိုင်ငံခြားရေးဝန်ကြီး၏ "မြန်မာ့ရွေးကောက်ပွဲသည် အပြစ်အနာအဆာ အလွန်များသည်" ဟူသော မှတ်ချက်စကားအပေါ် အတိုက်အခံ ဒီမိုကရေစီလှုပ်ရှားသူများက ကြိုဆိုလိုက်ကာ အမေရိကန်အစိုးရအနေဖြင့် လက်တွေ့ထိရောက်သည့် ကိုယ်တွယ်မှုမျိုးလိုအပ်ကာ ၂၀၀၈ ဖွဲ့စည်းပုံအရ ရွေးကောက်ပွဲလွှတ်တော်များသည် ကာကွယ်ရေးဦးစီးချုပ်၏ အာဏာစက်အောက်တွင် ဆက်ရှိနေမည်ဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဒု–ဥက္ကဌ ဦးတင်ဦးက ပြောသည်။ **(VOA 291010)** Read More...
- အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဒုတိယ ပင်လုံညီလာခံကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ ပြည်ထောင်စုနေ့ ဝန်းကျင်တွင် ကျင်းပနိုင်ရန် ရည်ရွယ်ကြိုးပမ်းသွားမည်ဟု ဦးဆောင်ပါဝင်သူ တစ်ဦးဖြစ်သည့် **NLD** ဗဟိုအလုပ်အမှုဆောင် ဦးဝင်းတင်က ပြောသည်။ **(RFA 291010)** Read More...
- ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်တွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် **NLD** လူငယ်များက ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ချုပ်၏ သပိတ်မှောက် မဲမပေးရေး ရပ်တည်ချက် သဘောထားများကို ပြည်သူများအကြား ရှင်းလင်းစွာ သိရှိစေရန် လက်ကမ်းစာစောင်များ လိုက်လံ ဝေ၄ ရှင်းပြမှုများပြုလုပ်ခဲ့သည်ဟု လူငယ်အဖွဲ့ဝင်တစ်ဦးက ပြောသည်။ **(DVB 291010)** Read More...
- ရွေးကောက်ပွဲတွင် မဲမပေးရေးဆန့်ကျင်သည့် လှုပ်ရှားမှုများကို ရန်ကုန်၊ ပဲခူးနှင့် ကော့သောင်းမြို့တို့တွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် **NLD** လူငယ်များက အောက်တိုဘာလ ၃၀ ရက်နေ့တွင် ပြုလုပ်ခဲ့ကြသည်။ **(DVB 301010)** Read More...

## (ခ) နယ်စပ်အခြေစိုက်အဖွဲ့အစည်းများ

- စစ်ကိုင်းတိုင်း၊ ကလေးမြို့တွင်ကျင်းပသည့် ၂၂ နှစ်မြောက် ဇိုမီးအမျိုးသား ကွန်ဂရက် အခမ်းအနားတွင် ထုတ်ပြန်ခဲ့သော ကလေးမြို့ ဆုံးဖြတ်ချက် ကြေညာစာတမ်းကို မြန်မာပြည် ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ချုပ် **DAB** က အပြည့်အဝ ထောက်ခံကြောင်း သဘောထားကြေညာချက်တစ်စောင်ကို အောက်တိုဘာလ ၂၆ ရက်နေ့၌ ထုတ်ပြန်လိုက်သည်။ **(KIC 261010)** Read More ...

## (ဂ) တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ရွေးကောက်ပွဲအတွက် တောင်စွန်းရွာမှ ချောင်းဆုံရွာသို့ မဲပုံး သယ်ယူလာသည့် ဒု–ဗိုလ်မှူးကြီး မျိုးမြင့်အောင် ဦးဆောင်သော အင်အား ၆၀ခန့်ရှိ နအဖ စစ်ကြောင်းကြပ်ကဲရေးဌာနချုပ် (၈) လက်

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



အောက်ခံ ခမရ (၄၀၅) တပ်ရင်း၊ စစ်ကြောင်း (၁) အား ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် **KNLA** တပ်ရင်း (၁၆)က ယမန်နေ့ နံနက် ၁၀း၄၀နာရီ အချိန်တွင် ချုံခိုတိုက်ခိုက်ခဲ့ရာ နအဖ တပ်သား ၂ ဦးသေဆုံးပြီး ၃ ဦး ဒဏ်ရာရရှိခဲ့သည်ဟု **KNLA** တပ်မဟာ (၆) ပြောခွင့်ရသူ ဗိုလ်မှူးစောထဲနေက ပြောသည်။ **(KIC 271010)** [Read more...]

- ဘုရားသုံးဆူမြို့ မဲရုံမှူးများအတွက် လုံခြုံရေးပေးသည့် နအဖစစ်တပ် ခမရ ၄၀၅ စစ်ကြောင်းနှင့် **KNLA** တို့ ချောင်းဆုံကျေးရွာနှင့် ကျုံမိပြင်ကျေးရွာအနီးရှိ ဇီးဖြူတောင်တွင် တိုက်ပွဲဖြစ်ရာ ရွာသား ၂ ဦး သေဆုံးသွားသည်ဟု ဒေသခံများက ပြောသည်။ **(IMNA 281010)** [Read More...]
- ကရင်နီ (ကယား)ပြည်နယ်၊ လွိုင်ကော်နှင့် ရှားတောမြို့နယ်တို့ အကြားရှိ ပွန်ချောင်းတံတား အနီးတွင် တပ်စွဲထား သော နအဖ တပ်ဖွဲ့နှင့် ကရင်နီတပ်မတော်တို့ ၂၆ ရက်နေ့က ၃ နာရီကြာတိုက်ပွဲဖြစ်ပွားခဲ့ရာ နအဖဘက်မှ ၄ ဦး ကျဆုံးသွားပြီး၊ ဒု-ရဲအုပ် ထွန်းထွန်းဝင်း၊ ဒု-တပ်ကြပ် အောင်ကျော်မိုး၊ ဒု-တပ်ကြပ် ရန်မျိုးအောင်၊ တပ်ကြပ် ဝင်းစိုး (ခလရ ၇၂) တို့ကို ကရင်နီ တပ်မတော်က ဖမ်းဆီးရမိလိုက်သည့်အပြင် လက်နက်ခဲယမ်း အချို့ကိုပါ သိမ်းဆည်းရမိ လိုက်သည်ဟု ကရင်နီတပ်မတော်က ပြောသည်။ **(KT 291010)** [Read More...]

## (ဃ) ပြည်ပအင်အားစုများ

- နအဖစစ်အစိုးရမှ နိုင်ငံတဝှမ်း လွှင့်ထုလိုက်သည့် နိုင်ငံတော်အလံသစ်သည် ပြည်ပအခြေစိုက် ပြည်ထောင်စု မြန်မာနိုင်ငံတော် ညွန့်ပေါင်းအစိုးရ **NCGUB** ၏ မာနယ်ပလောတွင် စတင်ရွေးချယ်အသုံးပြုခဲ့သော အလံနှင့် ဆင်တူနေသည်ဟု **NCGUB** မှ နိုင်ငံခြားရေးဝန်ကြီး ဦးဘိုလှတင့်က ပြောသည်။ **(BBC 251010)** [Read More...]
- ဂျပန်အစိုးရအနေဖြင့် စစ်အစိုးရကျင်းပမည့် ရွေးကောက်ပွဲကို လက်မခံရန် ဂျပန်နိုင်ငံရှိ မြန်မာ့ဒီမိုကရေစီ အင်အားစုများ၊ လူ့အခွင့်အရေးဆိုင်ရာ ဂျပန်အန်ဂျီအိုများ၊ ဂျပန်အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်တို့ ပူပေါင်းပါဝင်ကာ ချီတက်ဆန္ဒပြခဲ့ပြီး ဂျပန်ဝန်ကြီးချုပ်ထံ စာရေးသားတောင်းဆိုလိုက်သည်ဟု ဆန္ဒပြပွဲတွင် ဦးဆောင်ပါဝင်သူ ဦးမြတ်သူက ပြောသည်။ **(DVB 271010)** [Read More...]
- ပြည်ပရောက် ကချင်လူငယ်များ သီဆိုထားသော ၂၀၁၀ ရွေးကောက်ပွဲ ဆန့်ကျင်သည့် တေးသီချင်းခွေကို ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်တွင် အောက်တိုဘာလ ၂၇ရက်နေ့ကစတင် ဖြန့်ချီနေပြီဖြစ်ကြောင်း ကချင်ပြည်နယ်လုံး ဆိုင်ရာ ကျောင်းသားများသမဂ္ဂအဖွဲ့ **AKSYU** ဥက္ကဋ္ဌ လီယိုနာဒ်က ပြောသည်။ **(KNG 271010)** [Read More ...]
- ဒုတိယ ပင်လုံညီလာခံ ခေါ်ယူရေးအတွက် ကလေးမြို့ ဆုံးဖြတ်ချက် ကြေညာစာတမ်းကို အပြည့်အဝ ထောက်ခံကြိုဆိုကြောင်းနှင့် ရွေးကောက်ပွဲသပိတ်မှောက်ရေးကိုထောက်ခံကြောင်း **NCUB** ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသား ကောင်စီက အောက်တိုဘာ ၂၉ ရက်နေ့တွင် ထုတ်ပြန်ကြေညာလိုက်သည်။ **(RFA 291010)** [Read More...]
- ပြည်ပရောက် တိုင်းရင်းသားအဖွဲ့အစည်းများ၊ မီဒီယာသမားများနှင့် ထိုင်းမီဒီယာသမားများက ထိုင်းနိုင်ငံ ချင်းမိုင်မြို့ ဟိုတယ်တခုတွင် စစ်အစိုးရ၏ ရွေးကောက်ပွဲလွန်ကာလ၌ ဖြစ်ပျက်နိုင်သည့် အမြင်သဘောထား များကို ဆွေးနွေးခဲ့ကြပြီး ၄င်းဆွေးနွေးပွဲကို **(Thai TV)** က အင်တာနက်လိုင်းမှ တိုက်ရိုက်လွှင့် ထုတ်ပေး လိုက်သည်။ **(DVB 291010)** [Read More...]
- မြန်မာစစ်အစိုးရ၏ ၂၀၁၀ ရွေးကောက်ပွဲသည် အာဏာရှင်စနစ် **Competitive Authoritarianism** ကို အစပြန်ပြုလိုက်ခြင်းဖြစ်ပြီး နိုင်ငံတကာ အသိုင်းအဝိုင်းအနေနှင့် လှည့်ဖြားထားသော နိုင်ငံရေးလုပ်ငန်းစဉ်ကို ကျော်လွှားသိမြင်ရန် လိုအပ်ကြောင်း ဗြိတိန်နိုင်ငံ၊ လန်ဒန်အခြေစိုက် **Burma Independence Advocates** အဖွဲ့က အစီရင်ခံစာတစ်စောင်ကို အောက်တိုဘာလ ၂၉ ရက်နေ့တွင် ထုတ်ပြန်လိုက်သည်။ **(RFA 301010)** [Read More...]

## အပစ်ရပ်အဖွဲ့အစည်းများ

### နယ်ခြားစောင့်တပ်အသွင်မပြောင်းသည့်အဖွဲ့များ

- တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် **(DKBA)** တပ်မဟာ ၅ တပ်မဟာမှူး ဗိုလ်မှူးချုပ်စောလားဘွယ် ဦးဆောင်၍ **DKBA** တပ်ရင်းမှူးများက ကရင်ပြည်နယ် ဒူးပလာယာခရိုင်တွင် စစ်အစိုးရမှ ထိုးစစ်ဆင် တိုက်ခိုက်လာလျှင် ခုခံတိုက်ခိုက်ရန်အတွက် အထူးအစည်းအဝေး ကျင်းပပြီး တပ်ရင်းများ ပြင်ဆင်ဖွဲ့စည်းလိုက်သည်ဟု ပြင်ဆင်ဖွဲ့စည်းမှုတွင် ဦးဆောင်ပါဝင်သူ ဗျူဟာကွက်ကဲရေးအဆင့် ၂ ဗိုလ်မှူး စောမိုရှေးက ပြောသည်။ **(DVB 251010)** [Read More . . .]
- ပါတီ တရားဝင်ခြင်း မရှိတော့ဟု အကြောင်းပြကာ မြို့များ၌ ချိတ်ဆွဲထားသော မွန်ပြည်သစ်ပါတီရုံး ဆိုင်းဘုတ်များကို သက်ဆိုင်ရာ အာဏာပိုင်တို့က ဖြုတ်ခိုင်းလိုက်ကြောင်းမွန်ပြည်သစ် ဗဟိုကော်မတီဝင် တစ်ဦးကပြောသည်။ **(NEJ 261010)** [Read More ...]
- အပစ်ခတ်ရပ်စဲရေးအဖွဲ့ဖြစ်သော ကရင်နီအမျိုးသားသွေးစည်းညီညွတ်ရေး **KNLO** မှ ဗိုလ်မှူး ထူးကာရီ ဦးဆောင်သော အဖွဲ့မှ အသက် ၂၇ နှစ်ရှိ စောဖေးနဲသည် Mဆယ့်ခြောက်အမျိုးအစား သေနပ်တစ်လက်၊ ကျည်ဆံအလုံး ၂၀ ခန့်နှင့်အတူ မော်ချီးဒေသတွင် လှုပ်ရှားနေသော ကရင်နီတပ်မတော်နှင့် လာရောက်ပူးပေါင်းခဲ့သည်ဟု ကရင်နီတပ်မတော် ဗိုလ်မှူးကြီးတစ်ဦးက ပြောသည်။ **(Kantarawaddy Times 261010)** [Read More ...]
- ကရင်ပြည်နယ် မြဝတီမြို့တွင် တိုးတက်သော ကရင်ဗုဒ္ဓဘာသာ တပ်မတော် **DKBA** တပ်မဟာ(၅) လက်အောက်ခံ တပ်ရင်း အမှတ် (၉၀၅) တပ်မှ ဗိုလ်မှူး ဝင်းအောင်သန်း၊ ဗိုလ်ချစ်လုံတို့နှင့် နအဖတပ် စကခ ၁၉ လက်အောက်ခံ ခလရ ၂၄ တပ်မှ ဗိုလ်ဇာနည်အောင်တို့ အချင်းများပြီးနောက် တပ်မမှူးနှင့် စရဖရုံးထိုင်မှူးများက **DKBA** တပ်သားများအား

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



မြို့ထဲတွင် မနေရန် ဖိအားပေးအမိန့်ထုတ်ပြန်ခဲ့သည်ဟု**DKBA** တပ်မှ ဗိုလ်မှူးကြီး စောမိုရေးက ပြောသည်။ **(DVB 281010)** Read More...

- ပြည်သူ့စစ်လုပ်ရန်ငြင်းဆန်သည့် သျှမ်းပြည်တပ်မတော် မြောက်ပိုင်း တပ်မဟာ ၁ ထိန်းချုပ်နယ်မြေသို့ တပ်အင်အားဖြည့်တင်းခဲ့သော နအဖ စစ်တပ်များ နယ်ထပ်ကျွဲဝင်လာပါက မဆုတ်တမ်း ခုခံတိုက်ခိုက်ရန် ဌာနချုပ်ကတပ်လှန့်အမိန့်ထုတ်ထားသည်ဟု သျှမ်းပြည်တပ်မတော်မှ တပ်ရင်းမှူးတစ်ဦးက ပြောသည်။ **(S.H.A.N 281010)** Read More...
- မော်လမြိုင်ခရိုင်ရှိ မွန်ပြည်သစ်ပါတီအရာရှိများက ဒေသခံမွန်ပြည်သူများ၊ မွန်အဖွဲ့အစည်းများ၊ မုဒုံမြို့နယ်ရှိ ဒေသဖွံ့ဖြိုးရေးအဖွဲ့များနှင့် တွေ့ဆုံပွဲပြုလုပ်ပြီး "ရွေးကောက်ပွဲတွင် မဲသွားမထည့်လည်း နေလို့ရတယ်၊ တကယ်လို့မထည့်မနေရ အတင်းသွားထည့်မယ်ဆိုရင်လည်း (ကြက်ခြေခက်) ခြစ်လိုက်ပါ"ဟု ပြောကြောင်း ရှင်းလင်းပွဲတွင် တက်ရောက်သူတစ်ဦးက ပြောသည်။ **(IMNA 281010)** Read More ...

နိုင်ငံရေးပါတီများ

ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသည့်ပါတီများ

- ထန်းတပင်၊ ရွှေပြည်သာ၊ လှိုင်သာယာစသည့်နေရာများတွင် အမျိုးသားဒီမိုကရေစီအင်အားစု **NDF** ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေး ကိုယ်ရေအကျဉ်း လက်ကမ်း စာစောင်များဝေငှာရာတွင် နာရီပိုင်းအတွင်း လက်ကမ်းစာစောင် ၁၀၀၀၀ ကုန်သွားခဲ့သည့်အတွက် ၄င်းကိုကြည့်ခြင်းအားဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်များ၌ အလားအလာကောင်းကြောင်း ပါတီခေါင်းဆောင် ဦးခင်မောင်ဆွေကပြောသည်။ **(Eleven Media Group 251010)** Read More...
- တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် ပါတီများအနေဖြင့် ကျေးလက်ဒေသများသို့ စည်းရုံးရေး အဓိကထား ဆင်းလျက်ရှိပြီး မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီမှ ဦးနေမျိုးဝေ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ ဒေါက်တာသန်းဝင်း၊ ဦးနေဝင်းနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးကျော်အုန်းတို့သည် မဲဆွယ်စည်းရုံးရေးအတွက် ကားဖြင့်လှည့် လည်ခြင်း အပါအဝင် လက်ကမ်းကြော်ငြာစာစောင်များဖြင့် အပြိုင်အဆိုင် မဲဆွယ်စည်းရုံးနေကြသည်။ **(Eleven Media Group 251010)** Read More...
- အငြိမ်းစား စစ်ဗိုလ်ချုပ်များ ဦးဆောင်နေသည့် မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ တဖြစ်လဲ တစည ခေါ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီသည် စစ်အစိုးရ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** နှင့်အတူတူဖြစ်သည်ဟု အများပြည် သူအကြား ထင်မြင်ယူဆနေခြင်းသည် နားလည်မှုလွဲမှားခြင်းသာဖြစ်ကြောင်း ပါတီခေါင်းဆောင်တစ်ဦးဖြစ်သူ အငြိမ်းစား တပ်မတော် ဒုတိယ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဦးချစ်လှိုင်က ပြောသည်။ **(RFA 261010)** Read More...
- ပြည်နယ်နှင့် တိုင်းများရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်များက ထုတ်ပြန်ထားသော မဲပေးနိုင်သည့် လူဦးရေစာရင်းသည် အမှန်တကယ် မဲပေးနိုင်သော လူဦးရေစာရင်းနှင့် ကိုက်ညီမှုမရှိဘဲ အပိုစာရင်းများ ပါရှိနေကြောင်း နိုင်ငံရေးပါတီများက ပြောသည်။ **(Irrawaddy 261010)** Read More...
- ဒုတိယ ပင်လုံညီလာခံ ကျင်းပရေးကို အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် **NLD** နှင့် တိုင်းရင်းသား ခေါင်းဆောင်များ အဓိကထား တောင်းဆိုခဲ့သည့် ကလေးမြို့ဆုံးဖြတ်ချက် ကြေညာစာတမ်းအား ရွေးကောက်ပွဲဝင်မည့် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ **RNDP** က ထောက်ခံလိုက်သည်ဟု **RNDP** ဥက္ကဋ္ဌ ဒေါက်တာ အေးမောင်က ပြောသည်။ **(Irrawaddy 261010)** Read More...
- သံလွင်အရှေ့ခြမ်း ပုံပါကျင်မြို့နယ်ခွဲအတွင်း၌ သျှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ **SNDP** နှင့် အခြားနိုင်ငံရေးပါတီများ အကြိတ်အနယ် ယှဉ်ပြိုင်ရလိမ့်မည်ဟု ခေတ်ပညာတတ်လူငယ်တစ်ဦးက ပြောသည်။ **(S.H.A.N 261010)** Read more ...
- လားရှိုး၊ သိန္နီ၊ ကွန်လုံဘက်တွင် အဓိကထားယှဉ်ပြိုင်သည့် ကိုးကန့်ဒီမိုကရေစီနှင့် စည်းလုံးညီညွတ်ရေးပါတီ **KDUP** ၏ ကုန်ကျစရိတ်အားလုံးကို အေးရှားဝေါ ကုမ္ပဏီပိုင်ရှင် လော်ရှင်းဟန်နှင့် လော်ရှင်းမင်တို့ညီအစ်ကိုက အကုန်အကျခံသည်ဟု ကိုးကန့်ပါတီဝင်တစ်ဦးက ပြောသည်။ **(S.H.A.N 261010)** Read More ...
- မုန်တိုင်းသင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်မြေများတွင် ရွေးကောက်ပွဲရက်ရွှေ့ဆိုင်းပေးရန် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ **RNDP** က အောက်တိုဘာလ ၂၇ ရက်နေ့ ရက်စွဲဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ တောင်းဆိုလိုက်သည်။ **(DVB 271010)** Read More...
- ဗိုလ်ချုပ်အောင်ဆန်း၏ သက်တော်စောင့်တာဝန်ယူခဲ့ဖူးသူ မြန်မာ့လွတ်လပ်ရေးမော်ကွန်းဝင် ပထမဆင့် ဦးထွန်းစိန်က အမျိုးသားဒီမိုကရေစီအင်အားစု **NDF** မှ ကိုယ်စားပြုပြီး ရွေးကောက်ပွဲတွင် အသက်အကြီးဆုံး ၈၇ နှစ် အမတ်လောင်းအဖြစ် မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဟု ၎င်းကပြောသည်။ **(RFA 271010)** Read More...
- ရွေးကောက်ပွဲနေ့တွင် မဲရုံကိုယ်စားလှယ်အဖြစ် ဆောင်ရွက်မည့် စေတနာ့ဝန်ထမ်းများအတွက် သက်ဆိုင်ရာ ရပ်ကွက်များရှိ ပြည်သူများက ပံ့ပိုးကူညီသွားရန် လာရောက် ပြောကြားသည်များရှိသည်ဟု အမျိုးသားဒီမိုကရေစီအင်အားစု **NDF** ပါတီ၏ သဃ်္ဃန်းကျွန်းမြို့နယ် ရွေးကောက်ပွဲအောင်နိုင်ရေးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **(Eleven Media Group 271010)** Read More...
- အမျိုးသား ဒီမိုကရေစီအင်အားစု **NDF** က အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် **NLD** ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ပြောဆိုခဲ့သည့် မိန့်ခွန်းကောက်နုတ်ချက်များနှင့် ဓါတ်ပုံများကို ၄င်းတို့ပါတီ၏ မဲဆွယ်စည်းရုံးရေး လက်ကမ်းစာရွက်များပေါ်တွင် ရိုက်နှိပ်ဖြန့်ဝေနေသည်ဟု မန္တလေးဒေသခံများကပြောသည်။ **(RFA 281010)** Read More...
- ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ် ပြည်သူ့လွှတ်တော်အမတ်နေရာတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အမျိုးသားဒီမိုကရေစီအင်အားစုပါတီ **NDF** မှ ကိုယ်စားလှယ်လောင်း ဦးမာခါး၏ မဲဆွယ်ဆိုင်းဘုတ်ကို ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



ဖွံ့ဖြိုးရေးပါတီ **USDP** နောင်နန်းတိုက်နယ် တွဲဖက်စည်းရုံးရေးမှူးဖြစ်သည့် ဦးလှမြင့်နှင့် ဦးမျိုးဇော်ထွန်းတို့က အောက်တိုဘာလ (၂၅) ရက်နေ့တွင် ဖြုတ်ယူသွားကြောင်း သက်သေများ ရရှိထားသဖြင့် ပြည်နယ် ရွေးကောက်ပွဲ ကော်မရှင်ထံသို့ ယမန်နေ့က တိုင်ကြားထားသည်ဟု ဦးမာခါးက ပြောသည်။ **(NEJ 281010)** [Read More...], [KNG], [Irrawaddy]

- ထိုင်း–မြန်မာနယ်စပ် ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် ဘုရားသုံးဆူမြို့နယ်ခွဲရှိ မွန်ပြည်သူများ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီကို မဲထည့်ပေးနိုင်ရန်အတွက် မွန်အမျိုးသားအကျိုးဆောင်သူများက ဒေသခံများကို လိုက်လံစည်းရုံးပေးနေသည်ဟု ဘုရားသုံးဆူမြို့ခံ အကျိုးဆောင်စည်းရုံးရေးမှူးတစ်ဦးက ပြောသည်။ **(IMNA 291010)** [Read More ...]
- ရန်ကုန်မြို့တွင် အမျိုးသားဒီမိုကရေစီအင်အားစုမှ ဦးမြတ်ဉာဏ်စိုးနှင့် ပြည်ထောင်စုဒီမိုကရေစီပါတီ မှ ဦးသိန်းတင်အောင်တို့၏ ပထမဆုံးအကြိမ် ပူးတွဲမဲဆွယ်မှုတစ်ခုကို ပြုလုပ်နိုင်ခဲ့သည့်အတွက် ထူးခြားချက်ဖြစ်သည်ဟု ဦးမြတ်ဉာဏ်စိုးက ပြောသည်။ **(DVB 291010)** [Read More...]
- ဂီရိဆိုင်းကလုန်းမုန်းတိုင် ဒဏ် အဆိုးရွားဆုံး ခံစားရသည့် မဲဆန္ဒနယ် ဒေသများတွင် ရွေးကောက်ပွဲရက်ကို ရွှေ့ဆိုင်းပေးရန် ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ၏ အောက်တိုဘာ ၂၇ ရက်နေ့ တောင်းဆိုချက်ကို ရွေးကောက်ပွဲကော်မရှင်မှ ယခုအချိန်ထိ အကြောင်းပြန်ခြင်း မရှိဟု ပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်က ပြောသည်။ **(DVB 291010)** [Read More...]
- ဒီမိုကရက်တစ်ပါတီ(မြန်မာ)က ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ၏ နည်းလမ်းမကျသည့် ကြိုတင်မဲကောက်ယူနေမှုများအား ကန့်ကွက်ထားသည့်စာကို ပြည်ထောင်စုရွေးကောက်ပွဲကျင်းပရေးကော်မတီမှ ကိုင်တွယ်ဖြေရှင်းပေးရန် စာရေးပေးပို့တောင်းဆိုလိုက်သည်ဟု ပါတီဥက္ကဋ္ဌ ဦးသုဝေက ပြောသည်။ **(DVB 291010)** [Read More...]

## ပြည်သူနှင့် လူထုအခြေပြုအဖွဲ့အစည်းများ

- မွန်ပြည်နယ် ရေးမြို့နယ်နှင့် သံဖြူဇရပ်မြို့နယ်အကြား ကျောင်းရွာအနီးတွင် ဒေသခံတိုင်းရင်းသား ၅၀၀ က စုပေါင်းပြီး အတင်းမဲမွဆန္ဒခံယူခဲ့သည့် ၂၀၀၈ ဖွဲ့စည်းပုံနှင့် ပြည်သူသာမက ကမ္ဘာက လက်မခံသော တရားမျှတမှုမရှိသည့် ရွေးကောက်ပွဲအား ဆန့်ကျင့်ဆန္ဒပြမှုကို အောက်တိုဘာ ၂၅ ရက်နေ့တွင် ပြုလုပ်ခဲ့သည်ဟု ဆန္ဒပြခေါင်းဆောင်တစ်ဦးက ပြောသည်။ **(VOA 251010)** [Read More...]
- ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် အနောက်ဘက်ခြမ်း ၄ မိုင်အကွာရှိ ကျေးရွာများမှ တိုင်းရင်းသား ၁၀၀၀ ကျော်က အောက်တိုဘာ ၂၅ ရက်နေ့တွင် ကြာအင်းဆိပ်ကြီးမြို့အဝင်မှ စစ်တပ်ဂိတ်ဝအထိ ချီတက်ကာ နအဖပြုလုပ်မည့် ရွေးကောက်ပွဲအား ဆန့်ကျင်ကြောင်းနှင့် သုံးပွင့်ဆိုင် ဆွေးနွေးပွဲ ဖြစ်မြောက်ရေးတို့ကို ကြွေးကြော် ဆန္ဒပြ တောင်းဆိုခဲ့သည်ဟု ဆန္ဒပြပွဲတွင် ပါဝင်သူ ကိုဇာနည်သွေးက ပြောသည်။ **(RFA 251010)** [Read More...]
- ရွေးကောက်ပွဲ အောင်မြင်ရန် မလျော်သြဇာသုံးပြီး တားမြစ်ခြင်း၊ ဘယ်ပါတီကိုမဲပေး၊ ဘယ်ပါတီကို မဲမပေးနှင့် ပါတီတစ်ခုတည်း ကိုသာ မဲထည့်ခိုင်းခြင်းတို့ကို ဘယ်သူမဆို ပြုလုပ်ခွင့် မရှိဘူးဆိုသည့် ဥပဒေပြဋ္ဌာန်းချက်အရ အာဏာပိုင်များ၊ လုပ်ငန်းရှင်များနှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်လည်း ပါဝင်သည့်အတွက် စိတ်ပူနေသည့် ပြည်သူများမဲပေးလျှင် ကိုယ်ကြိုက်သည့် ပါတီကို ရဲရဲဝံ့ဝံ့ မဲပေးနိုင်ပြီး မလျော်သြဇာသုံးပြီး ခြိမ်းခြောက်မှုများ ရှိလာလျှင် သက်ဆိုင်ရာကို ချက်ချင်းတိုင်ကြားပြီး ပြစ်မှုကျူးလွန်သူများကို ထင်ရှားလျှင် အရေးယူမည်ဟု ဥပဒေပညာရှင်တစ် ဦးက ပြောဆိုလိုက်သည်။ **(Eleven Media Group 251010)** [Read More...]
- နိုဝင်ဘာလ ၇ ရက်နေ့ ရွေးကောက်ပွဲကို ကရင်နီပြည်တွင်းရှိ လူငယ်များက စိတ်ဝင်စားမှုမရှိသော်လည်း ရွေးကောက်ပွဲ အတွေ့အကြုံ သိရှိလိုကြ၍ မဲထည့်ချင်ကြသည်ဟု ပြောဆိုကြသည်။ **(Kantarawaddy Times 261010)** [Read more ...]
- ကုမ္ပဏီအချို့နှင့် ရှော့ပင်းစင်တာအချို့တို့က ရပ်နားထားရန်မရသည့် လုပ်ငန်းမျိုးများကြောင့် နိုဝင်ဘာ ၇ ရက်နေ့တွင် ၎င်းတို့၏ ဝန်ထမ်းများအား အလုပ်ချိန်အတွင်း အဆင်ပြေစွာ သွားရောက်မဲပေးနိုင်ရန် ပိုမိုဦးစားပေး စီစဉ်လုပ်ဆောင်ထားသည်ဟု လုပ်ငန်းရှင်များက ဆိုသည်။ **(Eleven Media Group 271010)** [Read More...]
- ရွေးကောက်ပွဲကျင်းပပြုလုပ်ရန် ၁၀ ရက်သာလိုတော့သော်လည်း မွန်ပြည်နယ်တောင်ပိုင်း ရေးမြို့နှင့် ရေးမြို့နယ်ရှိ ရွာများတွင် နိုင်ငံသားစိစစ်ရေးကဒ်ပြား (မှတ်ပုံတင်) ပြုလုပ်ထားသူများ ယခုအချိန်ထိ မရရှိသေးဟု မှတ်ပုံတင်ပြုလုပ်ထားသူများက ပြောသည်။ **(IMNA 271010)** [Read More ...]
- မြန်မာနိုင်ငံအလုပ်သမား၊ လယ်သမားသွေးစည်းညီညွတ်ရေးအဖွဲ့ချုပ်က စစ်အစိုးရကျင်းပမည့် ရွေးကောက်ပွဲတွင် မဲမပေးပဲ ဆန့်ကျင်သပိတ်မှောက်ကြရန် အလုပ်သမား၊ လယ်သမားများကို တိုက်တွန်းလိုက်သည်ဟု အဖွဲ့ပြောခွင့်ရ ကိုကံကြီးမောင်က ပြောသည်။ **(DVB 281010)** [Read More...]

## မီဒီယာအခန်းကဏ္ဍ

- စစ်အစိုးရမှ ကွန္တာရဝတီသတင်းဂျာနယ် အယ်ဒီတာ ကိုညီညီထွန်းအား ထောင်ဒဏ် ၁၃ နှစ်ချမှတ်လိုက်သည့်အပေါ် အမေရိကန်အခြေစိုက် **CPJ** ခေါ် စာနယ်ဇင်းသမားများ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့က ပြစ်တင်ရှုတ်ချလိုက်ပြီး စစ်အစိုးရပြောဆိုနေသည့် ဒီမိုကရေစီသို့ ဦးတည်သွားနေခြင်းကို သရော်လှောင်ပြောင်လိုက်သကဲ့သို့ ဖြစ်နေသည်ဟု **CPJ** အဖွဲ့၏ အရှေ့တောင်အာရှရေးရာဆိုင်ရာ ကိုယ်စားလှယ် **Shawn Crispin** က ပြောသည်။ **(RFA 241010)** [Read More...]
- ရွေးကောက်ပွဲကျင်းပရန် ရက်ပိုင်းသာ ကျန်တော့သည့်အတွက် မြန်မာပြည်တွင်းတွင် အင်တာနက်လိုင်းများ ဖြတ်တောက်မှုများ စတင်ပြုလုပ်လာပြီး ပုဂံနက်နှင့် ရတနာပုံ တယ်လီပို့တို့မှ အင်တာနက်လမ်းကြောင်းများတွင် ပြောင်းလဲဖြတ်တောက်မှု ပုံစံများ ကြုံတွေ့နေရသည်ဟု အင်တာနက်ဆိုင်ရှင်တစ်ဦးက ပြောသည်။ **(DVB 251010)** [Read More . . .]

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ရွေးကောက်ပွဲနီးကပ်လာချိန် အောက်တိုဘာ ၂၅ ရက်နေ့မှ စတင်ပြီး ပြည်တွင်းအပတ်စဉ်ထုတ် သတင်းဂျာနယ်များ၏ လေကြောင်းအသုံးပြု ဖြန့်ချိခွင့်များကို လုံခြုံရေးအကြောင်းပြပြီ သက်ဆိုင်ရာမှ ပိတ်ပင်လိုက်သည်ဟု ဂျာနယ်ဖြန့်ချိရေး ကိုယ်စားလှယ်တစ်ဦးက ပြောသည်။ **(DVB 251010)** **Read More...**
- ပါတီမဲဆွယ်စည်းရုံးရေး သီချင်းများနှင့် ရွေးကောက်ပွဲ ကန့်ကွက်သည့် သီချင်းများကို **Blog** များ၊ **Facebook** များတွင် လွှင့်တင်ထားကြပြီး အင်တာနက်သုံးသူ မြန်မာလူငယ်များကြား အချင်းချင်း ဖြန့်ဝေနေကြသည်။ **(Mizzima 281010)** **Read More...**

## ပြည်ပရောက်မြန်မာနိုင်ငံသားများ

- မြန်မာ့အရေးတွင် မတက်ကြွသည့်အပြင် ရွှေ့ပြောင်းအလုပ်သမားများနှင့် ဒုက္ခသည်အရေးကိုပါ စိတ်မဝင်စားသူ ဟုဆိုကာ ကုလအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းကို ထိုင်းနိုင်ငံရှိ မြန်မာလုပ်သား၊ ဒုက္ခသည်များ ဒါဇင်ပေါင်းများစွာ က ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် အောက်တိုဘာ လ ၂၇ ရက်က ဆန္ဒပြခဲ့ကြသည်။ **(Mizzima 271010)** **Read More...**

## ဘာသာရေးအဖွဲ့အစည်းများ

- သီရိလင်္ကာရောက် မြန်မာကျောင်းသား ရဟန်းတော်များအဖွဲ့ **(MSMA)** က နိုင်ငံတော်အလံသစ်ကို ကန့်ကွက်ရှုတ်ချခြင်းနှင့် အလံသစ်ကို မီးရှို့ဖျက်ဆီးခြင်းကို အောက်တိုဘာ ၂၆ ရက် ညနေပိုင်းက ကိုလံဘိုမြို့ရှိ မကုဋာရာမ ကျောင်းတိုက်တွင် ပြုလုပ်ခဲ့ကြောင်း **MSMA** ဦးဆောင်ဆရာတော်တစ်ပါးဖြစ်သည့် အရှင်ဥက္ကဋ္ဌက မိန့်သည်။ **(Irrawaddy 271010)** **Read More...**
- စစ်ကိုင်းတိုင်း ကလေးမြို့၌ ဖိုမီးအမျိုးသားကွန်ဂရက်၏ ၂၂ နှစ်မြောက် အခမ်းအနားတွင် တိုင်းရင်းသားခေါင်းဆောင်များ စုပေါင်းလက်မှတ်ရေးထိုးထားသော ဒုတိယပင်လုံညီလာခံ ခေါ်ယူရေးကို ထောက်ခံကြောင်းနှင့် နအဖ စစ်အစိုးရမှ မတရားသည့် ၂၀၁၀ ရွေးကောက်ပွဲကို ဆက်လက်လုပ်ပါက သံဃာ့လှုပ်ရှားမှုနှင့် ရင်ဆိုင်ရမည်ဟု အောက်တိုဘာလ ၂၈ ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်လိုက်သည်။ **(Irrawaddy 281010)** **Read More...**

## နိုင်ငံတကာဆောင်ရွက်မှုများ

### (က) ကုလသမဂ္ဂနှင့်နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ

- ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ရွေးကောက်ပွဲမတိုင်မီ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးပြီး အများပါဝင်နိုင်သည့် ရွေးကောက်ပွဲတရပ် ကျင်းပရန် အောက်တိုဘာ ၂၆ ရက်နေ့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ သတင်းစာရှင်းလင်ပွဲတွင် တောင်းဆိုလိုက်သည်။ **(RFA 261010)** **Read More...**
- မြန်မာစစ်အစိုးရကျင်းပမည့်ရွေးကောက်ပွဲကို အရှေ့တောင်အာရှနိုင်ငံ လွှတ်တော်အမတ်များအဖွဲ့က ပြစ်တင်ဝေဖန်လိုက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ရွေးကောက်ပွဲရလဒ်ကို လက်မခံရန် အောက်တိုဘာလ ၂၆ ရက်နေ့က တိုက်တွန်းတောင်းဆိုလိုက်သည်။ **(DVB 271010)** **Read More...**
- အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံခြား ရေးဝန်ကြီး ဦးဉာဏ်ဝင်းအား မေးမြန်းရာတွင် ရွေးကောက်ပွဲအပြီး လွတ်ပေးကောင်း လွတ်ပေးမည်ဖြစ်ပြီး နေ့ရက်အချိန်ကာလကိုတိကျစွာ ဖြေဆိုခြင်းမရှိဟု အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး **Marty Natalegaw** က ပြောသည်။ **(RFA 281010)** **Read More...**
- မြန်မာနိုင်ငံတွင် စစ်မှန်သည့်ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် လုပ်ဆောင်ရန် အချိန်မနှောင်းသေးကြောင်း၊ စစ်အစိုးရအနေဖြင့် နိုင်ငံရေးအကျဉ်းသားအားလုံးကို ပြန်လွှတ်ပေးပြီး အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးအတွက် လမ်းဖွင့်ပေးရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက အောက်တိုဘာ ၂၉ ရက်နေ့တွင် ထပ်မံတိုက်တွင်းတောင်းဆိုလိုက်သည်။ **(RFA 291010)** **Read More...**, **VOA...**
- မြန်မာနိုင်ငံ ရွေးကောက်ပွဲသည် နိုင်ငံတကာ စံချိန်စံညွှန်းအရ စစ်မှန်သည့် ရွေးကောက်ပွဲတခုဖြစ်မည့် အခြေအနေမရှိကြောင်း ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မရှင် မဟာမင်းကြီး မစ္စစ်နာဗီပီလေးက အောက်တိုဘာ ၂၉ ရက်နေ့တွင် ထုတ်ဖော်ပြောဆိုလိုက်သည်။ **(RFA 291010)** **Read More...**

### (ခ) အစိုးရများ

- ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့လယ်ရှိ ဗစ်တိုးရီးယားပန်းခြံ၌ အောက်တိုဘာ ၂၄ ရက်နေ့တွင် **Burma Campaign Australia** အဖွဲ့မှ ဦးစီးပြီး မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသား လွတ်မြောက်ရေး လှုပ်ရှားမှုဆန္ဒပြပွဲတွင် ဩစတြေးလျ အာဏာရအမတ်များအပါအဝင် လွှတ်တော်အမတ် ၁၅ ဦးက ယခုလှုပ်ရှားမှုကို ဝိုင်းဝန်းထောက်ခံအားပေးရန် ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်။ **(RFA 241010)** **Read More...**
- မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံသံရုံး သံအမတ်ကြီး **Mr Julius Georg Luy** နှင့် ဒုတိယသံအမတ်ကြီးတို့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဗဟိုအလုပ်အမှုဆောင်များနှင့် အောက်တိုဘာလ ၂၅ ရက်နေ့က တွေ့ဆုံခဲ့ပြီး **NLD** ၏

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



ရွေးကောက်ပွဲသပိတ်မှောက်ရေး အစီအစဉ်နှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေး ညှိနှိုင်းခဲ့ကြောင်း **NLD** ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းကပြောသည်။ **(DVB 251010)** Read More...

- အမေရိကန် သမ္မတ **(Barack Obama)** ၏ နိုဝင်ဘာလ အာရှခရီးစဉ်နှင့် အမေရိကန်နိုင် ငံခြားရေးဝန်ကြီး ဟီလာရီ ကလင်တန် **(Hillary Clinton)** ၏ အောက်တိုဘာ ၂၇ ရက်နေ့ အာရှခရီးစဉ်တို့တွင် မြန်မာ့အရေးကို အာရုံစိုက် ဆွေးနွေးမှုများ ပြုလုပ်မည်ဟု အမေရိကန်လက်ထောက် နိုင်ငံခြားရေးဝန်ကြီး ကာ့တ် ကမ်းဘဲလ် **(Kurt Campbell)**က ပြောသည်။ **(VOA 261010)** Read More...
- အမေရိကန်သံရုံး ယာယီတာဝန်ခံနှင့်အဖွဲ့၊ ဗြိတိန်သံအရာရှိများသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ခေါင်း ဆောင်များနှင့် အောက်တိုဘာလ ၂၇ ရက်နေ့တွင် တွေ့ဆုံခဲ့ရာ ရွေးကောက်ပွဲ သပိတ်မှောက်ကြောင်း ကြေညာ ချက်၊ အမျိုးသားဒီမိုကရေစီအင်အားစု **NDF** နှင့်ပတ်သက်သည့်သဘောထားကြေညာချက်အပါအဝင် ဒုတိယ ပင်လုံ ညီလာခံခေါ်ရေး ကလေးမြို့ ကြေညာစာတမ်းအကြောင်းနှင့် ရွေးကောက်ပွဲအပြီး နိုင်ငံရေးရပ်တည်ချက်များ ကို မေးမြန်းဆွေးနွေးခဲ့ကြောင်း ဗဟိုအလုပ်အမှုဆောင်တစ်ဦးဖြစ်သူ ဦးဝင်းတင်ကပြောသည်။ **(RFA 271010)** Read More..., VOA...
- အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး မာတီ နာတာလီဂဝါ **(Marty Natalegawa)** က စစ်အစိုးရကျင်းပမည့် ရွေးကောက်ပွဲကို အများက ပိုမိုလက်ခံယုံကြည်နိုင်အောင် လုပ်သွားရန်နှင့် ဆောင်ရွက်ရန် အချိန်မနှောင်းသေးဟု စစ်အစိုးရကို တွန်းအား ပေးနေကြောင်း သတင်းထောက်များကို ပြောကြားလိုက်သည်။ **(VOA 271010)** Read More...
- အမေရိကန်နိုင်ငံခြားရေးဝန်ကြီး **Hillary Clinton** က အာရှခရီးစဉ်အစနေ့ အောက်တိုဘာ ၂၇ ရက်နေ့တွင် စစ်အစိုးရ ကျင်းပမည့် ရွေးကောက်ပွဲသည် လက်ခံနိုင်စရာအခြေအနေ မရှိသည့်အပြင် ဒီမိုကရေစီအခြေခံများ ကင်းမဲ့နေသည်ဟု ပြင်းပြင်းထန်ထန် ဝေဖန်ပြောဆိုလိုက်သည်။ **(VOA 281010)** Read More...
- မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းက မြန်မာ့ဒီမိုကစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ရွေးကောက်ပွဲပြီး လျှင် ပြန်လွှတ်ပေးမည်ဟု ပြောဆိုမှုအပေါ် အမေရိကန်နိုင်ငံခြားရေးဌာန ပြောခွင့်ရသူ **PJ Crowley** က အပြင်းအထန် ဝေဖန်ပြောဆိုလိုက်ကာ စစ်အစိုးရ၏ သူရဲဘောကြောင်ပြီး လှည့်ဖျားကစားခြင်သာဖြစ်သည်ဟု ပြောဆိုလိုက်သည်။ **(VOA 281010)** Read More...
- ကုလသမဂ္ဂဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ် **Acquino Vimal** က စစ်အစိုးရ၏ ရာဇဝတ်ကျူးလွန်မှုများကို ကုလသမဂ္ဂမှ စုံစမ်း စစ်ဆေးရေး ကော်မရှင်ဖွဲ့စည်းရေးအဆိုပြုချက်နှင့် ပတ်သက်ပြီး မည်သို့မျှ အသုံးဝင်ခြင်းမရှိပဲ ဆန့်ကျင်ဖက် အကျိုးရလဒ် များသာ ရရှိမည်ဖြစ်ကြောင်း ဝေဖန်ပြောဆိုလိုက်သည်။ **(RFA 281010)** Read More...
- အမေရိကန်အထက်လွှတ်တော်အမတ် **Mr. Jim Webb** က မြန်မာနိုင်ငံကို တရုတ်နိုင်ငံ၏ လက်အောက်ခံ တိုင်းပြည် အဖြစ် ဖြစ်မသွားအောင် အမေရိကန်အစိုးရအနေဖြင့် စစ်အစိုးရနှင့် ပိုပြီးထိတွေ့ဆက်ဆံရန် လိုအပ်ကြောင်း ပြောဆို လိုက်သည်။ **(RFA 281010)** Read More...
- စစ်အစိုးရကို ချဉ်းကပ်ထိတွေ့ဆက်ဆံရေးမူဝါဒနှင့် ပတ်သက်၍ သမ္မတ **Barack Obama** ဦးဆောင်သည့် အမေရိကန် အစိုးရအတွင်း သဘောထား အကြီးအကျယ် ကွဲခဲ့သည်ဟု အမေရိကန်အထက်လွှတ်တော် အာရှနှင့် ပစိဖိတ်ရေးရာ ဆပ်ကော်မတီ ဥက္ကဋ္ဌ အထက်လွှတ်တော်အမတ် **Mr. Jim Webb** ကပြောသည်။ **(RFA 281010)** Read More...
- ဖိလစ်ပိုင် သမ္မတ **Benigno Aquino** က ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးရန် စစ်အစိုးရအား တောင်းဆိုရာတွင် လိုက်လျောသည့် တုံ့ပြန်ချက်မျိုး မတွေ့ရသည့်အတွက် စိတ်ပျက်မိသည်ဟု ထုတ်ဖော်ပြောဆိုလိုက်သည်။ **(BBC 281010)** Read More...
- မြန်မာစစ်အစိုးရ၏ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ပြစ်မှုများကို စစ်ဆေးရန် စုံစမ်းစစ် ဆေးရေး ကော်မရှင် **(Col)** ဖွဲ့စည်းရေးအတွက် အမေရိကန် အစိုးရက ဆက်လက် ဖိအားပေးသွား မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး **Mrs Hillary Clinton** ကအောက်တိုဘာလ ၂၈ ရက်နေ့တွင် ပြောကြားလိုက်သည်။ **(Irrawaddy 291010)** Read More..., RFA...
- နှစ်ပေါင်း ၂၀ ကျော် အာဏာကို လက်မလွှတ်တမ်း ယူထားသည့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် နိုင်ငံရေးလောကမှ ရုတ်တရက် အနားယူမည်ဆိုတာကို ဘယ်လိုမှ ယုံကြည်နိုင်စရာ မရှိဘူးဟု ဖိလစ်ပိုင် နိုင်ငံခြားရေးဝန်ကြီး **Alberto Romulo** က အာဆီယံ ထိပ်သီးအစည်းအဝေးပြင်ပတွင် သတင်းထောက်များကို ပြောကြားလိုက်သည်။ **(RFA 291010)** Read More...
- စင်္ကာပူနိုင်ငံ ဟွန်လင်း ပန်းခြံမှာရှိတဲ့ **Speakers' Corner** တွင် စင်ကာပူ အတိုက်အခံပါတီက ဦးဆောင်ပြီး ၂၀၁၀ ရွေးကောက်ပွဲကို လက်မခံကြောင်း ကန့်ကွက်ပွဲတခု ကျင်းပခဲ့သည်။ **(RFA 301010)** Read More...
- မြန်မာစစ်အစိုးရ ပြုလုပ်မည့် ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတလိမ့်မည်ဟု မယုံကြည်ကြောင်း ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ကျင်းပပြီးစီးသွားသည့် အရှေ့အာရှထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သော နယူးဇီလန် ဝန်ကြီးချုပ် **John Key** နှင့် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး **Alberto Romulo** တို့က အောက်တိုဘာလ ၃၀ ရက်နေ့တွင် ပြောကြား လိုက်သည်။ **(RFA 301010)** Read More...
- နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပမည့်ရွေးကောက်ပွဲသည် မြန်မာနိုင်ငံ၏ အခြေအနေကို မည်သို့မျှ အပြောင်းအလဲ ဖော်ဆောင်ပေးနိုင်မည်မဟုတ်ကြောင်း ချက်နိုင်ငံခြားရေးဝန်ကြီး **Karel Schwarzenberg** က အောင်တိုဘာလ ၁၂ ရက်နေ့တွင် ပြောကြားခဲ့သည်။ **(DVB 301010)** Read More...

(ဂ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- နအဖ စစ်အစိုးရ ဖမ်းဆီးထားသည့် နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးပြီး ၂၀၁၀ နိုဝင်ဘာလ ၇ ရက်နေ့ ရွေးကောက်ပွဲတွင် ပါဝင်ခွင့်ပြုမှသာ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်မည်ဟု မြန်မာ့အရေး လေ့လာသူများက ပြောသည်။ **(Mizzima 261010)** [Read More...]
- အမေရိကန် နိုင်ငံခြားရေးဝန်ကြီး **Hillary Clinton** က မြန်မာ့အရေး ကုလသမဂ္ဂ စုံစမ်းရေး ကော်မရှင် ဖွဲ့စည်းရေးကို ထောက်ခံလိုက်တဲ့ အတွက် **HRW** လူ့အခွင့်အရေး စောင့်ကြည့်ရေး အဖွဲ့က ကြိုဆိုလိုက်သည်။ **(RFA 301010)** [Read More...]

***End of report/ Saturday, October 30, 2010***
ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။
***Documentation and Research Department (NDD)***